# ချင်းတိုင်းရင်းသားများပါတီ - Chin National Party (CNP)

## (Charter)

## ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်း

### နိဒါန်း

ကမ္ဘာ့အလယ်တွင် လူမျိုးတစ်မျိုးဟူ၍ သမိုင်းတလျှောက် ရပ်တည်လာခဲ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို စတင်တည်ထောင်ခဲ့ရာတွင်လည်း ဦးဆောင်အခန်းကဏ္ဍတွင် တက်တက်ကြွကြွ ပါဝင်ခဲ့သော ကျွန်တော်တို့ ချင်းလူမျိုးတို့သည် နှစ်ပေါင်း (၅၀) ကျော် စစ်အာဏာရှင် အစိုးရ၏ အုပ်ချုပ်မှု လက်အောက်တွင် ကိုယ့်ကြမ္မာကို ဖန်တီးခွင့် ဆုံးရှုံးမှု၊ ဖယ်ဒရယ် ဒီမိုကရေစီစနစ်နှင့် ဝေးကွာမှု စသည်တို့ကြောင့် ဝမ်းစာခက်ခဲ၊ ဘာသာ၊ စကား၊ ယဉ်ကျေးမှု၊ တဖြည်းဖြည်း တိမ်ကောပျောက်ကွယ်မှု၊ နယ်နိမိတ် တဖြည်းဖြည်း ကျဉ်းမြောင်းလာမှု၊ ပြည်တွင်း ပြည်ပသို့ အလုံးအရင်း ပြောင်းရွှေ့နေထိုင်လာမှု စသည့် ပြဿနာများ ရင်ဆိုင်ကြုံတွေ့လာကာ လူမျိုး ပျောက်ကွယ်သွားနိုင်သည်အထိ စိုးရိမ်ဖွယ် အနေအထားသို့ ဆိုက်ရောက်လာပါသည်။

ထိုအခက်အခဲ ပြဿနာများကို ကျော်လွှားကာ ချင်းလူမျိုးများ ပြန်လည်တည်ဆောက်ပြီး (Chin National Building)၊ ထိုမှတဆင့် မြန်မာနိုင်ငံတည်ဆောက်ရေး (State Building ) ရည်ရွယ်ချက်ဖြင့် "ချင်းတိုင်းရင်းသားများ ပါတီ" ကို ၂၀၁၉၊ မေလ ၂၃ ရက်တွင် တည်ထောင်ခွင့်ရခဲ့ပါသည်။

### အခန်း(၁)
### အမည်နာမ

ပုဒ်မ ၁။ ပါတီ၏အမည်သည် "ချင်းတိုင်းရင်းသားများပါတီ" (Chin National Party) (CNP) ဟုခေါ်သည်။

### အခန်း(၂)
### ဦးတည်ချက်

ပုဒ်မ ၂။ ပင်လုံစာချုပ်ကဲ့သို့ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination) အပြည့်အဝ အကာအကွယ်ပေးသည့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ် ပြည်ထောင်စု ဒီမိုကရေစီ မြန်မာ နိုင်ငံတော်သစ် တည်ဆောက်ရေး။

### အခန်း(၃)
### ရည်ရွယ်ချက်

ပုဒ်မ ၃။ မိမိတို့ ချင်းလူမျိုး အရေးကိစ္စများအား မိမိတို့က ပိုမိုတာဝန်ယူ အုပ်ချုပ် ဆောင်ရွက်နိုင်ရေး။

ပုဒ်မ ၄။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ စသည်များတွင် ဗဟိုချုပ်ကိုင်မှုစနစ် လျှော့ချနိုင်ရေး။

ပုဒ်မ ၅။ အနာဂတ် နိုင်ငံတော် ဦးဆောင်မှု အခန်းကဏ္ဍတွင် ချင်းလူငယ်များနေရာ ပိုမို ရရှိနိုင်ရေး။

ပုဒ်မ ၆။ နိုင်ငံတကာအတွက် ပြဋ္ဌာန်းထားသော လူ့အခွင့်အရေး ကြေငြာစာတမ်းများကို အခြေခံသော လူ့အခွင့်အရေးများ လူသားတိုင်း၊ နိုင်ငံသားတိုင်း အပြည့်အဝ ရရှိနိုင်ရေး။

ပုဒ်မ ၇။ ပြည်သူနှင့် ဝန်ထမ်းများ စားဝတ်နေရေး ပိုမိုချောင်လည်ရေးနှင့် အကျင့်ပျက်ချစားမှုများကို ဥပဒေဘောင်အတွင်း အမြစ်ပြတ် တိုက်ဖျက်နိုင်ရေး။

ပုဒ်မ ၈။ ပြည်နယ်၊ တိုင်းဒေသကြီးများ၏ လူဦးရေ၊ သယံဇာတနှင့် ပထဝင် အနေအထား တခုအပေါ် မူတည်၍ ပြည်ထောင်စု ဘဏ္ဍာငွေကို ခွဲဝေခွင့်မပြုပဲ ပြည်နယ်၊ တိုင်းဒေသကြီးတခု၏ ဂုဏ်အင်္ဂါလက္ခဏာများနှင့် အညီ မျှမျှတတ ခွဲဝေရရှိနိုင်ရေး။

ပုဒ်မ ၉။ ချင်းတိုင်းရင်းသား လူ့အဖွဲ့ အစည်းအတွင်းတွင် အသင်းအဖွဲ့ ဖွဲ့စည်းခွင့် ပိုမိုရရှိနိုင်ရေးနှင့် NGO, INGO အဖွဲ့ အစည်းများ ပိုမိုဝင်ရောက်နိုင်ရေး။

ပုဒ်မ ၁၀။ မိမိချင်းတိုင်းရင်းသားများ၏ ရေးရာကိစ္စများတွင် မိမိတို့က ပိုမိုတာဝန်ယူ ဆောင်ရွက်နိုင်ရေး။

ပုဒ်မ ၁၁။ တိုင်းရင်းသားလူနည်းစု အခွင့်အရေးများ ပိုမိုရရှိရေး။

ပုဒ်မ ၁၂။ ချင်းလူမျိုးတိုင်း ပါတီဝင်များဖြစ်ရေး။

ပုဒ်မ ၁၃။ ပါတီ၏ အမှုဆောင်တိုင်းတွင် အမျိုးသမီးများ အနည်းဆုံး ၃၀ % ပါဝင်ရေး။

ပုဒ်မ ၁၄။ ချင်းမျိုးနွယ်စုများ အားလုံးသည် မျိုးနွယ်စုအလိုက် စာပေယဉ်ကျေးမှု၊ အဝတ်အစား၊ ရိုးရာဓလေ့ထုံးတမ်း စဉ်လာများ မပျောက်ပျက်အောင် ကူညီပေးရေး။

ပုဒ်မ ၁၅။ ချင်းတိုင်းရင်းသားများသည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး နည်းပညာနှင့် လမ်းပန်း ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေး။

ပုဒ်မ ၁၆။ အဖွဲ့ အစည်းစိတ်ဓါတ်၊ ပေါင်းစည်းခြင်း၏ အင်အားများကို ပိုမို သိရှိခံစား နားလည်လည်စေရေး။

## အခန်း(၄)

## သံနိဋ္ဌာန်

ပုဒ်မ ၁၇။ ချင်းတိုင်းရင်းသားများပါတီသည်-

(က) ချင်းအမျိုးသားအပေါ် သစ္စာရှိပါမည်။
(ခ) ဒို့တာဝန် အရေး (၃) ပါးကို ဦးထိပ်ထားပါမည်။
(ဂ) ပါတီအရေးထက် အမျိုးသားရေးကို ဦးထိပ်ထားပါမည်

## အခန်း(၅)

## ဖွဲ့စည်းအုပ်ချုပ်ပုံ

General Assembly - အထွေထွေညီလာခံ

I

Central Committee - ဗဟိုကော်မတီ

I

Central Executive Committee - ဗဟို အလုပ်အမှုဆောင်ကော်မတီ

I

State & Region Level Committees -တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကော်မတီများ

I

Township EC - မြို့နယ်ကော်မတီများ

I

Village EC - ရပ်/ကျေးကော်မတီများ

ပုဒ်မ ၁၈။ ပါတီကို အထွေထွေညီလာခံ၊ ဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ကော်မတီများ၊ မြို့နယ်ကော်မတီများ၊ မြို့နယ် အမှုဆောင် ဆောင်ကော်မတီများ၊ ကျေးရွာ အမှုဆောင်ကော်မတီများ၊ စသည်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းရသည်။

ပုဒ်မ ၁၉။ ရုံးဝန်ထမ်းမှအပ ကော်မတီနှင့် ကော်မတီဝင်အားလုံးသက်တမ်း ၃ နှစ် ဖြစ်သည်။

## အခန်း(၆)

## အထွေထွေညီလာခံ (General Assembly)

ပုဒ်မ ၂၀။ အထွေထွေညီလာခံသည် ပါတီ၏ အမြင့်ဆုံးအာဏာပိုင် ဖြစ်သည်။

ပုဒ်မ ၂၁။ အထွေထွေညီလာခံကို ၃ နှစ် တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

ပုဒ်မ ၂၂။ ကြားကာလတွင် အရေးပေါ်အစည်းအဝေးကို CEC ၏ သဘောတူညီချက်ဖြင့် ပါတီဥက္ကဋ္ဌမှ တစ်လ ကြိုတင် အကြောင်းကြားခြင်းဖြင့် ခေါ်ယူကျင်းပနိုင်သည်။

ပုဒ်မ ၂၃။ အထွေထွေညီလာခံ ကိုယ်စားလှယ်ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(က) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊

(ခ) မြို့နယ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌ (၁) ဦး၊ အတွင်းရေးမှူး(၁) ဦး၊ ဘဏ္ဍာရေးမှူး (၁) ဦးနှင့် မြို့နယ်ကော်မတီမှ ရွေးချယ်ထားသော ညီလာခံ ကိုယ်စားလှယ် (၂) ဦး၊ စုစုပေါင်း (၅) ဦးစီ။

(ဂ) လွှတ်တော်ကိုယ်စားလှယ်များ။

ချင်းချက်-ဌာနချုပ်မှ အထူးဖိတ်ကြားထားသည့်သည်တော်အဖြစ် ပါတီအတွင်းဖြစ်စေ၊ ပါတီဝင်မဟုတ် သူများမှဖြစ်စေ ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များလည်း ညီလာခံတွင် တက်ရောက်ခွင့် ရှိသည်။

ပုဒ်မ ၂၄။ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

(က) ပါတီ ဗဟိုကော်မတီကို ပါတီ ယာယီအနမ ပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းသတ်မှတ်ရမည်။

(ခ) ထိုမှတဆင့် ပါတီဗဟိုအမှုဆောင်ကော်မတီကို ပါတီ Charter ပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းရမည်။

(ဂ) ဗဟိုကော်မတီထဲ၌ဖြစ်စေ၊ ဗဟိုကော်မတီပြင်ပ၌ဖြစ်စေ ဗဟိုပါတီဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများ၊ အထွေထွေ အတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူးများနှင့် ပြောရေးဆိုခွင့်ရှိသူများကို အမည်စာရင်းတင်သွင်း၍ ရွေးချယ်ရမည်။

(ဃ) ဗဟိုကော်မတီနှင့် Department/ Sub-committee အသီးသီးမှ ၃ နှစ်တာ လုပ်ငန်းနှင့် ဘဏ္ဍာရေး အစီရင်ခံစာကို ကြားနာစစ်ဆေးရမည်။

(င) ၃ နှစ်တာ လုပ်ငန်းအပေါ် သုံးသပ်ခြင်းနှင့် လာမည့်သက်တမ်းသစ်အတွက် လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ရာတွင် ထည့်သွင်းရမည့် အချက်အလက်များကို ဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်ရမည်။

## အခန်း (၇)

## ဗဟိုကော်မတီ (CC)

ပုဒ်မ ၂၅။ ဗဟိုကော်မတီကို ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ ပြည်နယ်တိုင်းဒေသကြီး ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြို့နယ်အမှုဆောင်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

တာဝန်နှင့် လုပ်ပိုင်ခွင့်

ပုဒ်မ ၂၆။ ဗဟိုကော်မတီသည် ....

(က) သာမန်အားဖြင့် အထွေထွေညီလာခံ တစ်ခုနှင့် တစ်ခုကြားကို တာဝန်ခံသည်။

(ခ) ပုံမှန်အစည်းအဝေးကို တစ်နှစ် တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(ဂ) အရေးပေါ် အစည်းအဝေးကို ခေါ်ယူရန် လိုအပ်ပါက ဥက္ကဋ္ဌမှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် အများစု၏ သဘောတူညီချက်ဖြင့် နှစ်ပတ်ကြိုတင် အကြောင်းကြားခြင်းဖြင့် ခေါ်ယူနိုင်ပါသည်။

(ဃ) အထွေထွေညီလာခံမှ ချမှတ်ပေးသည့် မူဝါဒနှင့် လုပ်ငန်း အကောင်အထည်ဖော် မှုများကို နှစ်စဉ်

ပြန်လည် သုံးသပ်ရမည်။

(င) ဗဟို Department/ sub-department များနှင့် မြို့နယ်ကော်မတီများ၏ နှစ်စဉ်လုပ်ငန်းနှင့် ငွေစာရင်း အစီရင်ခံစာများကို ကြားနာပြီး အရေးယူ ဆောင်ရွက်ရမည်။

### အခန်း (၈)

### ဗဟိုအလုပ်အမှုဆောင် ကော်မတီ (CEC)

ပုဒ်မ ၂၇။ ဗဟိုအလုပ်အမှုဆောင် ကော်မတီကို ပြည်နယ်/တိုင်းဒေသကြီး ဥက္ကဌနှင့် အတွင်းရေးမှူးများ၊ မြို့နယ်

အမှုဆောင်ကော်မတီ အသီးသီးမှ ဥက္ကဌ၊ အတွင်းရေးမှူးများနှင့် အထွေထွေညီလာခံမှ ရွေးချယ်ထားသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

ပုဒ်မ ၂၈။ အောက်ပါ Department/ Sub-committee များကို ဦးစားပေးဖွဲ့စည်းရမည်။

- ပြန်ကြားရေး
- လူငယ်ရေးရာ
- အမျိုးသမီးရေးရာ
- ရန်ပုံငွေ ရှာဖွေရေး/ ဘဏ္ဍာရေး
- အောင်နိုင်ရေး/ စည်းရုံးရေး

တာဝန်နှင့် လုပ်ပိုင်ခွင့်

ပုဒ်မ ၂၉။ ဗဟိုအမှုဆောင် ကော်မတီသည် .....

(က) သာမန်အားဖြင့် ဗဟိုကော်မတီမှတဆင့် အထွေထွေညီလာခံတစ်ခုနှင့် တစ်ခုအကြား တာဝန်ခံသည်။

(ခ) ပုံမှန် အစည်းအဝေးကို ၃ လ တစ်ကြိမ် ခေါ်ယူရမည်။

(ဂ) အရေးပေါ်အစည်းအဝေး ခေါ်ယူရန် လိုအပ်ပါက ဥက္ကဌမှ ဗဟိုကော်မတီဝင် ၃ ပုံ ၁ ပုံ သဘောတူညီချက်ဖြင့် နှစ်ပတ်ကြိုတင် အကြောင်းကြားခြင်းဖြင့် ခေါ်ယူနိုင်ပါသည်။

(ဃ) အထွေထွေ ညီလာခံနှင့် ဗဟိုကော်မတီမှ ချမှတ်ထားသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များကို မဟာဗျူဟာ ချမှတ် အကောင်အထည်ဖော်ရမည်။

(င) ဗဟို Department/ sub-department များနှင့် မြို့နယ်ကော်မတီများ၏ နှစ်စဉ်လုပ်ငန်းနှင့် ငွေစာရင်း အစီရင်ခံစာများကို ကြားနာပြီး အရေးယူ ဆောင်ရွက်ရမည်။

(စ) ပါတီကိုယ်စားဖြင့် အခြားပါတီများ၊ အစိုးရများ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်ဆံရေးကိစ္စကို

ဤဗဟိုအလုပ်အမှုဆောင် ကော်မတီကသာ တာဝန်ယူ ဆောင်ရွက်ခွင့် ရှိသည်။

### အခန်း (၉)

### Headquarter (ဌာနချုပ်)

ပုဒ်မ ၃၀။ ပါတီဌာနချုပ်ကို မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ကျောက်အိုးတောင်ကျေးရွာ/

အုပ်စုတွင် အခြေချ ရုံးစိုက်သည်။

ပုဒ်မ ၃၁။ CEC အစည်းအဝေးများကို ဌာနချုပ်တွင် ပုံမှန်အားဖြင့် ကျင်းပရမည်။

## အခန်း (၁၀)

## တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အထွေထွေညီလာခံ

ပုဒ်မ ၃၂။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အထွေထွေညီလာခံသည် မိမိတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်၏ ပါတီအတွင်း အမြင့်ဆုံး အာဏာပိုင် ဖြစ်သည်။

ပုဒ်မ ၃၃။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အထွေထွေညီလာခံကို ......

(က) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အမှုဆောင် ကော်မတီဝင်များ၊ မြို့နယ်ကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ကျေးရွာအမှုဆောင်အဖွဲ့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများဖြင့် ဖွဲ့စည်းရမည်။

(ခ) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကော်မတီမှ အထူးဖိတ်ကြားသည့်တော်အဖြစ် ပါတီအတွင်းမှဖြစ်စေ၊ ပါတီပြင်ပမှဖြစ်စေ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များသည် ညီလာခံတွင် လေ့လာသူအဖြစ် တက်ရောက်နိုင်သည်။

ပုဒ်မ ၃၄။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အထွေထွေညီလာခံကို .....

(က) ၃ နှစ် တစ်ကြိမ် ကျင်းပရမည်။

(ခ) ကြားကာလတွင် အရေးပေါ်အစည်းအဝေး ခေါ်လိုပါက တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဥက္ကဋ္ဌမှ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကော်မတီဝင်အများစု ခွင့်ပြုချက်ဖြင့် တစ်လကြိုတင် အကြောင်းကြားခြင်းဖြင့် ခေါ်ယူနိုင်သည်။

ပုဒ်မ ၃၅။ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

(က) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကော်မတီ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ ငွေစာရင်းစစ်များ၊ Sub-committee တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် တာဝန်ခံများ ပါဝင်သော တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အမှုဆောင် ကော်မတီ ဖွဲ့စည်းရွေးချယ်ရမည်။

(ခ) မိမိတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် မဲဆန္ဒနယ်မြေအတွင်း ပါတီကိုယ်စား ဝင်ရောက်အရွေးခံမည့် ဝန်ကြီးလောင်း (သို့) အမတ်လောင်းများကို ရွေးချယ်ရာတွင် ဗဟိုမှ လက်ခံ အတည်ပြုပေးရမည်။

## အခန်း (၁၁)

### တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အမှုဆောင် ကော်မတီ

ပုဒ်မ ၃၆။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အမှုဆောင် ကော်မတီကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အထွေထွေညီလာခံမှ ရွေးချယ်ထားသော ပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်က ရွေးချယ်တင်မြှောက်ထားသည့် ပါတီဝင် လွှတ်တော်အမတ်များဖြင့် ဖွဲ့စည်းရမည်။

ပုဒ်မ ၃၇။ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

(က) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အမှုဆောင် ကော်မတီသည် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် အထွေထွေညီလာခံ တစ်ခုနှင့် တစ်ခုကြား တာဝန်ယူရမည်။
(ခ) အစည်းအဝေးကို တစ်နှစ် တစ်ကြိမ် အနည်းဆုံး ခေါ်ယူကျင်းပရမည်။
(ဂ) ကြားကာလတွင် အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။
(ဃ) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ကော်မတီများသည် မိမိလက်ခံရရှိသော ပါတီရန်ပုံငွေ စုစုပေါင်း၏ ၁၀% ကို ဌာနချုပ်တွင် အပ်နှံပေးသွင်းရမည်။

### အခန်း (၁၂)

### မြို့နယ် အထွေထွေညီလာခံ

ပုဒ်မ ၃၈။ မြို့နယ် အထွေထွေညီလာခံသည် မိမိမြို့နယ် ပါတီအတွင်း အမြင့်ဆုံးသော အာဏာပိုင်ဖြစ်သည်။

ပုဒ်မ ၃၉။ မြို့နယ် အထွေထွေညီလာခံကို .....

(က) မြို့နယ်အမှုဆောင် ကော်မတီဝင်များ၊ ကျေးရွာကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တစ်ဦးစီဖြင့် ဖွဲ့စည်းရမည်။
(ခ) မြို့နယ်ကော်မတီမှ အထူးဖိတ်ခေါ်သည့်အဖြစ် ပါတီအတွင်းမှဖြစ်စေ၊ ပါတီပြင်ပမှဖြစ်စေ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များသည် ညီလာခံတွင် လေ့လာသူအဖြစ် တက်ရောက်နိုင်သည်။

ပုဒ်မ ၄၀။ မြို့နယ် အထွေထွေညီလာခံကို .....

(က) ၃ နှစ် တစ်ကြိမ် ကျင်းပရမည်။
(ခ) ကြားကာလတွင် အရေးပေါ် အစည်းအဝေး ခေါ်လိုပါက မြို့နယ်ပါတီဥက္ကဋ္ဌမှ မြို့နယ်အမှုဆောင် ကော်မတီ အများစု ခွင့်ပြုချက်ဖြင့် ခေါ်ယူနိုင်သည်။

ပုဒ်မ ၄၁။ တာဝန်နှင့် လုပ်ပိုင်ခွင့်များ -

(က) မြို့နယ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊

ဘဏ္ဍာရေးမှူး၊ ငွေစာရင်းစစ်များ၊ မြို့နယ် Sub-committee တာဝန်ခံများ ပါဝင်သော မြို့နယ် အမှုဆောင် ကော်မတီ ဖွဲ့စည်းရွေးချယ်ရမည်။

(ခ) မိမိမြို့နယ် မဲဆန္ဒနယ်မြေအတွင်း ပါတီကိုယ်စား ဝင်ရောက်အရွေးခံမည့် အမတ်လောင်းများကို ဗဟိုအမှုဆောင်ကော်မတီ၏ အတည်ပြုချက်ဖြင့် ရွေးချယ်တင်မြောက်ရမည်။

## အခန်း (၁၃)

## မြို့နယ်အမှုဆောင်ကော်မတီ

ပုဒ်မ ၄၂။ မြို့နယ် အမှုဆောင်ကော်မတီကို မြို့နယ်အထွေထွေ အစည်းအဝေးမှ ရွေးချယ်ထားသော

ပုဂ္ဂိုလ်များ နှင့် သက်ဆိုင်ရာမြို့နယ်က ရွေးချယ်တင်မြောက်ထားသည့် ပါတီဝင် လွှတ်တော် အမတ်များဖြင့် ဖွဲ့စည်းရမည်။

ပုဒ်မ ၄၃။ တာဝန်နှင့် လုပ်ပိုင်ခွင့်များ -

(က) မြို့နယ်အမှုဆောင် ကော်မတီသည် မြို့နယ်အထွေထွေညီလာခံ တစ်ခုနှင့် တစ်ခုကြား တာဝန်ယူရမည်။

(ခ) အစည်းအဝေးကို တစ်နှစ် တစ်ကြိမ် အနည်းဆုံး ခေါ်ယူကျင်းပရမည်။

(ဂ) ကြားကာလတွင် အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

(ဃ) မြို့နယ်ကော်မတီများသည် မိမိလက်ခံရရှိသော ပါတီရန်ပုံငွေ စုစုပေါင်း၏ ၁၀% ကို ဌာနချုပ်တွင် အပ်နှံပေးသွင်းရမည်။

## အခန်း (၁၄)

## ကျေးရွာအမှုဆောင်ကော်မတီ

ပုဒ်မ ၄၄။ ကျေးရွာအမှုဆောင်ကော်မတီကို အနည်းဆုံး လူ (၇) ဦး ဖြင့် ကျေးရွာ အထွေထွေ

အစည်းအဝေးတွင် တိုက်ရိုက် ရွေးချယ်ရမည်။

ပုဒ်မ ၄၅။ ကျေးရွာအမှုဆောင်ကော်မတီ၏ သက်တမ်းသည် ၃ နှစ် ဖြစ်သည်။

## အခန်း (၁၅)

## ဥက္ကဋ္ဌ (Chairman)

ပုဒ်မ ၄၆။ ဥက္ကဋ္ဌသည် ပါတီတွင် အမြင့်ဆုံးရာထူးနှင့် တာဝန်ရှိ ပုဂ္ဂိုလ် ဖြစ်သည်။

(မှတ်ချက်။ ။ ဤနေရာတွင် ဥက္ကဋ္ဌသည် ဗဟို၊ မြို့နယ်၊ တိုက်ရိုက် ကျေးရွာစသည့် အဆင့်ဆင့် သော ကော်မတီဥက္ကဋ္ဌများ အားလုံးအတွက် အကျုံးဝင်သည်။)

ပုဒ်မ ၄၇။ ဥက္ကဋ္ဌကို အမှုဆောင်ကော်မတီ အတွင်းမှသော်လည်းကောင်း၊ ကော်မတီ ပြင်ပမှ သော်လည်း

ကောင်း ရွေးချယ်နိုင်သည်။

တာဝန်နှင့် လုပ်ပိုင်ခွင့်များ -

ပုဒ်မ ၄၈။ ဥက္ကဋ္ဌသည် ....

(က) ပါတီအစည်းအဝေးတိုင်းတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။
(ခ) အရေးကြီးကိစ္စများတွင် လိုအပ်သလို ချက်ချင်း တာဝန်ယူ ဆောင်ရွက်ခွင့် ရှိသော်လည်း အမှုဆောင်ကော်မတီတွင် အစီရင်ခံစာပြုပြီး သဘောတူညီချက် ရယူရမည်။
(ဂ) အစည်းအဝေးတက်ရောက်သူအကြား သဘောထားကွဲလွဲသူ ဦးရေတူညီပါက (သို့မဟုတ်) ဆန္ဒမဲပေးရာတွင် ထောက်ခံသူနှင့် ကန့်ကွက်သူ ဦးရေတူညီပါက ဥက္ကဋ္ဌမှ ဆုံးဖြတ်မဲ ပေးနိုင်သည်။

ဒု- ဥက္ကဋ္ဌ

ပုဒ်မ ၄၉။ ဒု-ဥက္ကဋ္ဌသည် -

(က) ဥက္ကဋ္ဌမှ ပေးအပ်သော တာဝန်များကို ဥက္ကဋ္ဌကိုယ်စား ဆောင်ရွက်ရမည်။
(ခ) အကြောင်းအမျိုးမျိုးကြောင့် ဥက္ကဋ္ဌနေရာ လစ်လပ်သည့်ကာလတွင် ဥက္ကဋ္ဌနေရာကို တာဝန်ယူ ဆောင်ရွက်ရမည်။

**အခန်း (၁၆)**

**အတွင်းရေးမှူး/ အထွေထွေအတွင်းရေးမှူး**

ပုဒ်မ ၅၀။ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဆင့်ဆင့်တွင် အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူး (၁)၊ အတွင်းရေးမှူး (၂) ဟု သုံးနှုန်း၍ ကျန်ကော်မတီများတွင် မြို့နယ်ပါတီအတွင်းရေးမှူး၊ ကျေးရွာပါတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး (၁)၊ (၂) ဟူ၍ သုံးနှုန်းရမည်။

(မှတ်ချက်။ ။ ဗဟိုအလုပ်အမှုဆောင်ကော်မတီမှအပ ကျန်ကော်မတီများတွင် အထွေထွေအတွင်းရေးမှူး မသုံးနှုန်းရန်။)

ပုဒ်မ ၅၁။ အတွင်းရေးမှူး/ အထွေထွေအတွင်းရေးမှူးသည် -

(က) အဆင့်ဆင့်သော ပါတီလုပ်ငန်းတာဝန်အားလုံးကို စည်းမျဉ်းစည်းကမ်းနှင့်အညီ အနီးကပ်လမ်းညွှန်ရမည်။
(ခ) ပါတီအစည်းအဝေးတိုင်းတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးဆုံးဖြတ်ချက်များကို ထိန်းသိမ်းရမည်။
(ဂ) အဖွဲ့ချုပ်ပိုင်ပစ္စည်း၊ ငွေကြေးနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ပါတီနာမည်ဖြင့် မှတ်ပုံတင် ထိန်းသိမ်းရမည်။
(ဃ) အစည်းအဝေးများကို ဥက္ကဋ္ဌခွင့်ပြုချက်ဖြင့် ခေါ်ယူကျင်းပရမည်။

တွဲဖက်အတွင်းရေးမှူးများ

ပုဒ်မ ၅၂။ တွဲဖက်အတွင်းရေးမှူးများသည် -

(က) အတွင်းရေးမှူး၊ အထွေထွေအတွင်းရေးမှူးက ပေးအပ်သော ပါတီလုပ်ငန်း တာဝန်များကို ကူညီဆောင်ရွက်ရမည်။

(ခ) အတွင်းရေးမှူး၊ အထွေထွေအတွင်းရေးမှူး နေရာ လစ်လပ်သည့် ကာလများတွင် ၎င်းနေရာတွင် တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း (၁၇)

## Department/ Sub-committee (ဌာနများ)

ပုဒ်မ ၅၃။ Department/ Sub-committee ဌာနများကို -

(က) ပြန်ကြားရေး၊ လူငယ်ရေးရာ၊ အမျိုးသမီးရေးရာ၊ မှုဝါဒရေးရာ၊ ရန်ပုံငွေ ရှာဖွေရေး၊ အောင်နိုင်ရေးနှင့် စည်းရုံးရေး စသည်ဖြင့် ဖွဲ့စည်းသည်။

(ခ) နောက်ထပ်ကဏ္ဍ ထပ်မံတိုးချဲ့လိုပါက ဗဟိုအမှုဆောင်ကော်မတီ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

ပုဒ်မ ၅၄။ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများသည် Department/ Sub-committee အသီးသီးကို အနီးကပ် ကြီးကြပ်၍ လမ်းညွှန်မှုပေးရမည်။

ပုဒ်မ ၅၅။ အဆင့်ဆင့်သော Department/ Sub-committee များမှ တာဝန်ခံနှင့် ကော်မတီဝင်များကို သက်ဆိုင်ရာ အမှုဆောင်ကော်မတီများက ကော်မတီဝင်များထဲမှသော်လည်းကောင်း၊ ကော်မတီပြင်ပမှ သော်လည်းကောင်း အများဆန္ဒဖြင့် ရွေးချယ်ခန့်အပ်ရမည်။

ပုဒ်မ ၅၆။ Department/ Sub-committee များသည် ဤ Charter ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ မိမိ ကော်မတီအတွင်း နည်းဥပဒေရေးဆွဲ၍ စီမံခန့်ခွဲ အုပ်ချုပ်ခွင့်ရှိသည်။

## အခန်း (၁၈)

## ဘဏ္ဍာရေးဌာန (Finance)

ပုဒ်မ ၅၇။ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးမှ ပါတီပိုင်ငွေကြေးများကို ပါတီနာမည်ဖြင့် ဘဏ်စာရင်း ဖွင့်၍သော်လည်းကောင်း၊ ပါတီနာမည်ဖြင့် စာရင်းဖွင့်၍သော်လည်းကောင်း ဘဏ္ဍာရေးမှူးထံ အပ်နှံထားရမည်။

ပုဒ်မ ၅၈။ ဘဏ္ဍာရေးမှူးသည် -

(က) လက်ဝယ်ပါတီငွေကြေးများ အများဆုံး ကျပ် ၅၀၀,၀၀၀/ သာ ထားခွင့်ရှိသည်။

(ခ) ထိုပမာဏထက်ပိုသော ငွေကြေးကို ဘဏ်တွင်အပ်နှံရမည်။

ပုဒ်မ ၅၉။ ဘဏ္ဍာရေးမှူးသည် -

(က) ပါတီ၏ ဝင်ငွေ၊ ထွက်ငွေ၊ လက်ကျန်ငွေနှင့် ပါတ်သက်၍ စာရင်းမှတ်တမ်းစာအုပ်များကို ကောင်းမွန်စွာ ထိန်းသိမ်းရမည်။

(ခ) ဝင်ငွေ၊ ထွက်ငွေ၊ လက်ကျန်ငွေ စာရင်းရှင်းတမ်းကို အမှုဆောင်ကော်မတီ အစည်းအဝေးတွင် ပုံမှန်တင်ပြရမည်။

ပုဒ်မ ၆၀။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် ပါတီပိုင် ဘဏ္ဍာငွေကို ပါတီအတွက် လိုအပ်သလို အသုံးပြုခွင့်ရှိသော်လည်း ပါတီခရီးစဉ်ကာလမှအပ ကျပ် ၁၀၀,၀၀၀ ထက်များပြားသော ပမာဏကို အမှုဆောင်ကော်မတီ၏ ခွင့်ပြုချက် ရယူပြီးမှသာ သုံးစွဲခွင့် ရှိသည်။

ပုဒ်မ ၆၁။ တွဲဖက်ဘဏ္ဍာရေးမှူးသည် ဘဏ္ဍာရေးမှူးတာဝန် မထမ်းဆောင်နိုင်သော ကာလများတွင် ဘဏ္ဍာရေးမှူး တာဝန်ကို ထမ်းဆောင်ရမည်။

စာရင်းစစ်များ

ပုဒ်မ ၆၂။ စာရင်းစစ်များသည် -

(က) ပါတီငွေစာရင်းကို နှစ်စဉ် စစ်ဆေးရမည်။
(ခ) ဘဏ္ဍာရေးနှစ်ကို သတ်မှတ်ရမည်။
(ဂ) ဘဏ္ဍာရေးကော်မတီစာရင်းကို အချိန်မရွေး လွတ်လပ်စွာ စစ်ဆေးနိုင်ပါသည်။
(ဃ) တနှစ်တာ ဘဏ္ဍာရေး နှစ်ချုပ် အစီရင်ခံစာကို အထွေထွေညီလာခံ/ အစည်းအဝေးတွင် တင်ပြရမည်။

## အခန်း (၁၉)

## စည်းရုံးရေးဌာန

ပုဒ်မ ၆၃။ အမှုဆောင်ကော်မတီမှ ချမှတ်ထားသော စည်းရုံးရေး မဟာဗျူဟာအတွက် လိုအပ်သော အသေးစိတ် စည်းရုံးရေး နည်းဗျူဟာများ ချမှတ်ရေးဆွဲ အကောင်အထည်ဖေါ် ဆောင်ရွက်ရမည်။

ပုဒ်မ ၆၄။ Volunteer Group ကို ဒေသအသီးသီးတွင် စုဆောင်းဖွဲ့စည်းရမည်။

## အခန်း (၂၀)

## ပြန်ကြားရေးဌာန

ပုဒ်မ ၆၅။ အမှုဆောင်ကော်မတီမှ တိုက်ရိုက်ရွေးချယ်ထားသော ပါတီပြောရေးဆိုခွင့်ရှိသူသည် ပြန်ကြားရေးဌာန၏ ဦးဆောင်သူဖြစ်သည်။

တာဝန်နှင့် လုပ်ပိုင်ခွင့်များ -

ပုဒ်မ ၆၆။ တာဝန်များ -

(က) ပါတီနာမည်ဖြင့် ကြေငြာချက်ထုတ်ပြန်ခြင်း၊ စာရေးခြင်းနှင့်

(ခ) တခြားပါတီများ၊ အဖွဲ့အစည်းများ၊ အစိုးရများ၏ သတင်းအချက်အလက်များ၊ မိမိပါတီမှ သိသင့်သိထိုက်သော ကိစ္စများကို ပါတီတာဝန်ရှိသူများထံ အချိန်မှီ အကြောင်းကြားခြင်း၊

ပုဒ်မ ၆၇။ လုပ်ပိုင်ခွင့် -

ပါတီဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးမှအပ ပါတီကိုယ်စား ပြောဆို ရေးသား ထုတ်ဖော်ခြင်းကို ဤပြောရေးဆိုခွင့်ရှိသူကသာ တာဝန်ယူဆောင်ရွက်ခွင့် ရှိသည်။

## အခန်း (၂၀)

## ပုံနှိပ်ဖြန့်ချီရေးဌာန

ပုဒ်မ ၆၈။ အမှုဆောင်ကော်မတီမှ တိုက်ရိုက်ရွေးချယ်ထားသော ပုံနှိပ်ဖြန့်ချီရေး တာဝန်ခံတစ်ဦးနှင့် Editor တစ်ဦးမှ ဤကော်မတီအတွက် လူရွေးကာ ဖွဲ့စည်းရမည်။

ပုဒ်မ ၆၉။ တာဝန်

ချင်းတိုင်းရင်းသားများပါတီမှ ထုတ်ဝေမည့် Campaign Materials စာစောင်များ၊ Signboard စာရွက်စာတမ်းများ၊ ကဒ်ပြားများ စသည်တို့ကို တာဝန်ယူဆောင်ရွက်ရမည်။

ပုဒ်မ ၇၀။ စာမူများအားလုံးကို ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူးမှ စိစစ်ပြီး ခွင့်ပြုချက်ရပြီးမှသာ ပုံနှိပ်ဖြန့်ချီခွင့်ရှိမည်။

## အခန်း (၂၂)

## ရန်ပုံငွေရှာဖွေရေးဌာန

ပုဒ်မ ၇၁။ ပါတီအမှုဆောင်မှ တာဝန်ပေးသောသူ ဦးဆောင်၍ ရန်ပုံငွေရှာဖွေရေးအတွက် သီးသန့်ကော်မတီတစ်ခု ဖွဲ့စည်းရမည်။

ပုဒ်မ ၇၂။ ပါတီဝင်တိုင်းထံမှ နှစ်စဉ်ကြေးနှင့် လစဉ်ကြေးတို့ကို အမှုဆောင်ကော်မတီမှ လိုအပ်သလို သတ်မှတ် ကောက်ခံမည်။

ပုဒ်မ ၇၃။ ပါတီမှ Candidate များကို Candidate Fee အဖြစ် မြို့နယ်ပါတီအမှုဆောင်ကော်မတီမှ လိုအပ်သလို သတ်မှတ်ကောက်ခံခွင့်ရှိသည်။

ပုဒ်မ ၇၄။ ပါတီဝင်ထဲမှသော်လည်းကောင်း၊ ပါတီပြင်ပမှသော်လည်းကောင်း၊ စီးပွါးချောင်လည်သောသူများ၊ ဂုဏ်သရေရှိလူကြီးများ၊ အဖွဲ့အစည်းများထံသို့ အလှူခံခွင့်ရှိသည်။

ပုဒ်မ ၇၅။ ပါတီမှ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအား ဗဟိုကော်မတီက သတ်မှတ်သည့်နှုန်းထားအတိုင်း ပါတီရန်ပုံငွေအဖြစ်ကောက်ခံရမည်။

## အခန်း ၂၃

## ပါတီစည်းမျဉ်းစည်းကမ်း

ပုဒ်မ ၇၆။ ပါတီဝင်သည် -

(က) နိုင်ငံတော်အစိုးရမှ ပြဌာန်းထားသော ရွေးကောက်ပွဲဥပဒေအရ ပါတီများ၊ ပါတီဝင်များ၊ အမတ်လောင်းများ လိုက်နာရမည့် ဥပဒေနှင့် နည်းဥပဒေအားလုံးကို တသွေမတိမ်း လိုက်နာရမည်။

(ခ) ပါတီတွင်းရှိ ဒေသ၊ မြို့နယ်၊ မျိုးနွယ်စုနှင့် ဘာသာကိုးကွယ်မှုကို အကြောင်းပြု၍ ခွဲခြား၊ တိုက်ခိုက်၊ စွပ်စွဲ၊ ပြောဆို လုပ်ဆောင်ခြင်း လုံးဝမပြုရ။

(ဂ) ပါတီ၏ လျို့ဝှက်အတွင်းရေးကိစ္စမှန်း သိပါလျက်နှင့် ပါတီပြင်ပသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သတင်းပေါက်ကြားစေပါက ကော်မတီမှ ထိုက်တန်သော အရေးယူခြင်းခံရမည်။

(ဃ) အမှုဆောင်ကော်မတီ (သို့မဟုတ်) ဥက္ကဌ၏ တာဝန်ပေးအပ်ခြင်း မရှိဘဲ ပါတီနာမည်ဖြင့် အလှူငွေနှင့် ဆုလာဒ် တောင်းခံခြင်း (သို့မဟုတ်) လက်ခံခြင်း လုံးဝခွင့်မပြု။

(င) ပါတီမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ရည်ရွယ်ချက်များ၊ မူဝါဒလမ်းစဉ်များ၊ လမ်းညွှန်ချက်များကို တသွေမတိမ်း လိုက်နာရမည်။

## အခန်း (၂၄)

## ပါတီဝင်ခြင်း

ပုဒ်မ ၇၇။ ပါတီဝင်ကြေးသည် ကျပ် ၅၀၀ ဖြစ်သည်။ (ခြွင်းချက်။ ။ ငွေကြေးခက်ခဲသူများသည် ပါတီအမှုဆောင် ကော်မတီအသီးသီး၏ ဥက္ကဌ (သို့မဟုတ်) အတွင်းရေးမှူး ခွင့်ပြုချက်ဖြင့် ဝင်ကြေးကင်းလွတ်ခွင့်ရှိသည်။

ပုဒ်မ ၇၈။ ပါတီဝင်များသာ -

(က) ပါတီအစည်းအဝေးများတွင် မဲပေးခွင့်ရှိသည်။

(ခ) ချင်းလူမျိုးတိုင်းသည် ပါတီနာမည်ဖြင့် အမတ်နေရာ ဝင်အရွေးခံ (Candidate) ခွင့်ရှိသည်။

ပုဒ်မ ၇၉။ ပါတီဝင်များသည် -

(က) မိမိသဘောအရ နုတ်ထွက်၍သော်လည်းကောင်း၊ ပါတီအမှုဆောင်ကော်မတီမှ ထုတ်ပယ်၍သော်လည်းကောင်း၊ ကွယ်လွန်၍သော်လည်းကောင်း ပါတီဝင်အဖြစ်မှ ရပ်စဲနိုင်သည်။

(ခ) ထိုသို့ရပ်စဲပါက ပါတီဝင်ကဒ်ပြားကို ပြန်လည်အပ်နှံရမည်။

## အခန်း ၂၅

## ဆန္ဒမဲပေးခြင်းနှင့် တာဝန်လွှဲအပ်ခြင်း (Vote & Handing over)

ပုဒ်မ ၈၀။ ပါတီတွင်း ရွေးချယ်တင်မြောက်ခြင်းနှင့် ပါတ်သက်၍ လျို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးရမည်။

ပုဒ်မ ၈၁။ အစည်းအဝေး ဆုံးဖြတ်ချက်ချမှတ်ရာတွင် -

(က) အများစု သဘောတူခြင်းဖြင့် ဆုံးဖြတ်ချက်ချရမည်။
(ခ) လက်ထောင်စနစ် (သို့မဟုတ်) လျှို့ဝှက်မဲပေးစနစ်ကို အလွန်အရေးကြီးသော (သို့မဟုတ်) သဘောထား

အလွန်ကွဲလွဲမှသာ သဘာပတိ၏ သဘောတူညီချက်ဖြင့် ကျင့်သုံးရမည်။

ပုဒ်မ ၈၂။ ပါတီတွင်း ရွေးချယ်တင်မြောက်ခြင်း ပြုလုပ်ပြီး (၁၅) ရက်အတွင်း အသစ်ရွေးချယ်ထားသော

တာဝန်ရှိသူများထံသို့ လုပ်ငန်းတာဝန်များကို အသီးသီး လွှဲအပ်ရမည်။

## အခန်း (၂၆)

## ပြင်ဆင်၊ ဖြည့်စွက်၊ ဖျက်သိမ်းခြင်း

ပုဒ်မ ၈၃။ ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း (Charter) ကို ပါတီအထွေထွေညီလာခံတွင် အစည်းအဝေး တက်ရောက်သူ

ပါတီဝင်ဦးရေ၏ သုံးပုံ နှစ်ပုံ ထောက်ခံမဲဖြင့် ပြင်ဆင်၊ ဖြည့်စွက်၊ ဖျက်သိမ်းနိုင်သည်။

## အခန်း (၂၇)

## အလံ (Flag)၊ အမှတ်တံဆိပ် (Logo)

ပုဒ်မ ၈၄။ ချင်းတိုင်းရင်းသားများပါတီ အလံ



အလံ၏အရွယ်အစား။ ။ ၂ ပေ၊ ၃ ပေခွဲ။

အရောင်။ ။ နီ၊ ဖြူ၊ နက်။ သုံးရောင်အလံဖြစ်၍ အလံကို ဤသုံးရောင်အားဖြင့် အလျားလိုက် ညီတူညီမျှ သုံးပိုင်း ပိုင်းထားပါသည်။

အရောင်၏အဓိပ္ပါယ်။ ။ အနီရောင်သည် ရဲရင့်ခြင်းကို ပြသည်။ အဖြူရောင်သည် သန့်ရှင်းဖြူစင်ခြင်းကို ပြသည်။ အနက်ရောင်သည် တည်ကြည်ခန့်ငြားခြင်းကို ပြသည်။

ပုဒ်မ ၈၅။ ချင်းတိုင်းရင်းသားများပါတီ အမှတ်တံဆိပ်

ချင်းတိုင်းရင်းသားပါတီ၏ အမှတ်တံဆိပ် လိုဂို (Logo) သည် အောက်ချင်းငှက် နှစ်ကောင်ပုံဖြစ်သည်။



အောက်ချင်းငှက် နှစ်ကောင်ပုံသည် သစ္စာရှိခြင်း၏ သင်္ကေတဖြစ်သည်။

ပုဒ်မ ၈၆။ ပါတီရုံးတံဆိပ်များ

ရုံးတံဆိပ်ကို အချင်း ၁.၇ လက်မ သတ်မှတ်သည်။

